၍ ငါတို့ ဘဝါးအောက်ကသာတည်းဟု မိမိ၏အဆင့်အတန်းကို သိထိုက်၏၊ (သာသနာပြင်ပ ရသေ့လည်း ၄က်အတူသရဏဂုံမရှိ။)

**အားကျဘွယ်**……မိမိ၏ အဆင့်အတန်းသိသူသည် ဝိသာခါတို့ကို အားကျသင့်၏၊ ဝိသာခါအမှူးရှိသော သတို့သမီးငါးရာ–ခုနစ်နှစ် အရွယ်တို့သည် သာဝတ္ထိသို့ ကြွရောက်လာသော မြတ်စွာဘုရားကို ခရီးဦးကြိုဆို၍ တရားနာကြ၍ သောတာပတ္တိ မဂ်ဉာဏ်ကိုရပြီးလျှင် ပဋိစ္စသမုပ္ပါဒ်စက်ရဟတ်ကိုဖေါက်ခွဲဖျက်ဆီးနိုင်ကြကုန်ပြီ။

**အာသီသ**……ပဋိစ္စသမုပ္ပါဒ်သည် လူနှင့်မတန်ဟု ဆိုထိုက်သော်လည်း မိမိတို့ မှီရာ၌ ဉာဏ်ရနိုင်ကြသည်၊ ထိုကြောင့် ဤပဋိစ္စသမုပ္ပါဒ်ကို ကြီးငယ်မရွေး လေ့လာသင့်လှပေ၏။ လေ့လာနိုင်ကြပါစေဟု တောင့်တအပ်၏။

# မာတိကာ

စာမျက်နှာ

## ကုသိုလ်ရေးပလ္လင်ခံ


၁။ ဘုရားပင့်ရန် .... .... ၁

၂။ တရားပင့်ရန် .... .... ၂

၃။ သံဃာပင့်ရန် .... .... ၄

၄။ သီလာနုဿတိဖြင့် ပူဇော်ရန် .... ၆

၅။ သုံးဆဲ့နှစ်ကောဋ္ဌာသဘာဝနာဖြင့် ပူဇော်ရန် ၉

၆။ ဒေဝတာနုဿတိ .... .... ၁၀

၇။ ဝိပဿနာပွါးရန် .... .... ၁၀


## ပဋိစ္စသမုပ္ပါဒ်အခြေပြု


၈။ ပဋိစ္စသမုပ္ပါဒ်ရွတ်စဉ်အမှန်း .... ၁၁

၉။ ပဋိစ္စသမုပ္ပါဒ်ဉာဏ်ဆုတောင်း .... ၁၃

၁၀။ ရှင်အာနန္ဒာ ဆင်ခြင်ပုံ .... ၁၆

၁၁။ ပဋိစ္စသမုပ္ပါဒ်အရကောက် .... ၁၇

၁၂။ ခန္ဓာငါးပါး .... .... ၂၂

၁၃။ အာယတန ၁၂ ပါး .... ၂၃

၁၄။ ဓာတ် ၁၈ ပါး .... .... ၂၄

၁၅။ သစ္စာလေးပါး .... .... ၂၆

၁၆။ သစ္စာလေးပါး ခွဲပုံ .... .... ၂၆

၁၇။ ဝဋ်ဒုက္ခဖြစ်ကြောင်း ၆ နည်း .... ၂၈

၁၈။ ဝဋ်ဒုက္ခချုပ်ကြောင်း ၆ နည်း .... ၂၉

၁၉။ ဉာဏ် ၄၄ ပါးဖြစ်နည်း .... ၃၀

၂၀။ ဉာဏ် ၇၇ ပါး ဖြစ်နည်း .... ၃၂

၂၁။ သုသိမပရိဗိုဇ် မေးခွန်း ၁၅ ရပ်ဖြေပုံ .... ၃၄

ဒေသနာ မွေကြွန္တာသည်ရင်း။ သံဃောသစ၊ပဋိစ္စသမုပ္ပါဒ်
စက်ရဟတ်ဟု မပြတ်လည်ဆက် ဘဝစက်ကို ခွဲဖျက်
ထောင်းထောင်း ရှစ်ပါးသော အရိယာသိစ္စာ အ
ပေါင်းသည့်ရင်း။၄တံ၊ဤရတနာမြတ်သုံးပါးနှတ်သည်။
ခမ်းပဋိစ္စသမုပ္ပါဒ် စက်ရဟတ်အတွင်း မကောင်းနာမ်ရုပ်
ခန္ဓာအာယတန ဓာတ်အစုသာ ဖြစ်သော အကျွန်ုပ်၏။
ဝဋ္ဋယတော၊ယုံကြည်ဆည်းကပ် ရှိခိုးအပ်သော အမြတ်
ရတနာသည်။အဟော၊အဟုတ်တကယ် အားကိုးဘွယ်
စင်စစ် ဖြစ်ခြင်းကြီး ဖြစ်တော်မူပါပေ၏။ ဝဋ္ဋိတဗ္ဗာ
နုဘာဝေန၊ယုံကြည်ဆည်းကပ် ရှိခိုးအပ်သော ရတနာ
မြတ် သုံးပါးနှတ်၏ မကြီးအပ်တော်ဇော် တန်ခိုး အာနု
ဘော် အားဖြင့်။ သဒ္ဒါနံ၊ မဂ်လမ်းစ ဖိုလ်လမ်းမြွာ
ဒေသနာပဋိစ္စ-သမုပ္ပါဒ်အရသာကို မြိန်ရှက်စွာ ခံစား
ကြောင်းကလျာဏခံတွင်းကောင်းသူတို့အား။ဝါ၊ဉာဏ်
ခံတွင်း ကောင်းသော ကလျာဏ ပုထုဇဉ် တို့၏။
သဒ္ဒါနေ၊ သဒ္ဒါနံ၌။ ဝေရလာဝမကာ၊ မျက်မှောက်
တမလွန် ဘေးရန်သမုတ် သံသရာ ရှည်ကြာကြောင်း
အာသဝေါယုတ်တို့သည်။ဝါ၊သက္ကာယဒိဋ္ဌိစမ်း ရူး,ပင်း,
ကန်း—ခက်သွယ် ဒိဋ္ဌိ နှစ်ဆယ် တို့သည်။ ဇိယန္တု၊
မြက်ဖျား နှင်းပေါက် နေရှိန်ကြောက်သို့ လွင့်ပျောက်
ပျက်ကန်း ယခုမျက်မှောက်၌ပင် ကုန်၍ ခန်းကြပါစေ
ကုန်သတည်း။ ။(ဘဝဇေတ္တာ၊ အိုသူတော်ကောင်းတို့။
ခယံ၊ ငါတို့သည်။ တံ၊ ထိုပဋိစ္စသမုပ္ပါဒ် ဒေသနာတော်
မြတ်ကို။ဘာဇာမ၊ရွတ်ဘတ်သရဇ္ဈာယ်ကြကုန်အံ့။)

၃။ဝိညာဏ်ကြောင့်နာမ်ရုပ်သာဖြစ်သည်။ငါ့ကိုယ်-
၄။ နာမ်ရုပ်ကြောင့် သဠာယတနသာဖြစ်သည်……
၅။ သဠာယတနကြောင့် ဖဿသာ……
၆။ ဖဿကြောင့်ဝေဒနာသာ……
၇။ ဝေဒနာကြောင့်တဏှာသာ……
၈။ တဏှာကြောင့်ဥပါဒါန်သာ……
၉။ ဥပါဒါန်ကြောင့် ဘဝသာ……
၁၀။ ဘဝကြောင့် ဇာတိသာ……
၁၁။ ဇာတိကြောင့် ဇရာမရဏသာ ဖြစ်သည်၊ သောက,ပရိဒေဝ,ဒုက္ခ,ဒေါမနဿ,ဥပါယာသ တို့သာ ဖြစ်ကြသည်၊ ငါ့ကိုယ်, ငါ့ဟာ,ငါ၊ ပုဂ္ဂိုလ်,သတ္တဝါ, ဖြဟ္မာ,လူနတ်မဖြစ်၊ဇာတိလည်းအကြောင်းအားလျော် စွာဖြစ်သော အကျိုးတရားမျှသာတည်း။

[ဥပါဒါန်ကြောင့်ဘဝကား၊ကမ္မဘဝ၊ဥပပတ္တိဘဝ၊ နှစ်ပါးလုံးဖြစ်သည်။ဘဝကြောင့် ဇာတိကား ကမ္မဘဝ ကြောင့်သာ ဇာတိဖြစ်သည်ဟု သိနိုင်ရမည်။]

## (၁၁) ပဋိစ္စသမုပ္ပါဒ် အရကောက်

**၁။ ကန်း၊တိမ်။** ။ရှစ်ဌာနဥ္စတွေဝေသော မော ဟာသည် အဝိဇ္ဇာမည်၏။ (သူကန်းနှင့်တူ၏။ ဝါ၊ မျက်စိ တိမ်လွှားသည်နှင့်တူ၏။

[**သတိပြုရန်။** ။ဤသို့(……)ကွင်းထားသော ဥပမာ တို့ကို ဤလိုတဆက်ထည်း ဆိုလျှင် အမြင်မသန့်ဘဲ ပင်ပန်းရာ၏။ ပင်ပန်းလျှင် ချန်ထား၍ အဆုံးလက်ဘဆို

## (၁၅) သစ္စာလေးပါးကား

၁။ လောကီစိတ် ၈၁-ခု
လောဘ ကြဉ်သော
စေတသိက် ၅၁-ခု
ရုပ် ၂၈-ခု သည် } ......ဒုက္ခသစ္စာ မည်၏။

၂။ လောဘသည် ......သမုဒယသစ္စာမည်၏။

၃။ နိဗ္ဗာန်သည် ...... နိရောဓသစ္စာမည်၏။

၄။ မဂ်စိတ်၌ရှိသော မဂ္ဂင်ရှစ်ပါးသည်......မဂ္ဂသစ္စာ မည်၏။

**မဂ္ဂင်ရှစ်ပါးကား။** ။သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ,သမ္မာကမ္မန္တ,သမ္မာအာဇီဝ,သမ္မာဝါယာမ သမ္မာသတိ,သမ္မာသမာဓိ။

ကြွင်းသော မဂ်စိတ္တုပ္ပါဒ် ၂၉-ခု၊ ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ခုသည် သစ္စာဟူသော အရေအတွက်မှ လွတ်၏။

[**မှတ်ချက်။** ။မဂ်ဟူသည်မဂ်စိတ်တခု၊စေတသိက် ၃၆-ခုအားဖြင့် မဂ်စိတ္တုပ္ပါဒ် ၃၇-ခုဖြစ်၏။ ထိုတွင်ရှစ်ပါးသာမဂ်သစ္စာ၊ကြွင်း ၂၉-ကား သစ္စာဝိမုတ်မည်၏။ ဖိုလ်သည်လည်း ထိုအတူ ဖိုလ်စိတ်တခု၊ စေတသိက် ၃၆-ခုအားဖြင့် ဖိုလ်စိတ္တုပ္ပါဒ် ၃၇-ဖြစ်၏။ ၃၇-ခုလုံး သစ္စာဝိမုတ်။]

## (၁၆)သစ္စာလေးပါးခွဲပုံ

ထိုက်သလိုခွဲလိုက်သည် ရှိသော်-လောကီ သစ္စာနှစ်ပါးကား ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ လောကုတ္တရာ

၃။ သင်္ခါရ ၂၉–ခုနှင့် ဘဝဂါမိက ၂၉–ခုသည် အကြောင်းကမ္မဘဝ မည်၏၊ ဘဝကြီး ကိုးပါးသည် အကျိုး ဥပပတ္တိ ဘဝမည်၏၊ ဤကား–ဒုက္ခသစ္စာ။ ဥပါဒါန်ဖြစ်ခြင်းကြောင့် ဘဝဖြစ်သည်၊ ဤကား–သမုဒယသစ္စာ။ [ဆုံးအောင်ချဲ့ဆို။]

၄။ စွဲလမ်းသော ဥပါဒါန်လေးပါးသည်။ ဝါ၊ တဏှာ နှင့်ဒိဋ္ဌိသည်ဥပါဒါန်မည်၏၊ ဤကား–ဒုက္ခသစ္စာ။ တဏှာ ဖြစ်ခြင်းကြောင့်......။

၅။ အာရုံ၌ နှစ်သက်သော တဏှာ ၆–ပါး၊ တဏှာ ၃–ပါးသည် တဏှာမည်၏၊ ဤကား...။ ဝေဒနာဖြစ်ခြင်း ကြောင့်......။

၆။ အာရုံအရသာကို ခံစားခြင်းသည် ဝေဒနာမည် ၏၊ ဤကား......။ ဖဿဖြစ်ခြင်းကြောင့်......။

၇။ အာရုံနှင့် တွေ့ထိခြင်းသည် ဖဿမည်၏၊ ဤ ကား......။ သဠာယတနဖြစ်ခြင်းကြောင့်......။

၈။ စက္ခုသောတစသော အာယတန ခြောက်ပါး သည် သဠာယတန မည်၏၊ ဤကား......။ နာမ်ရုပ်ဖြစ်ခြင်း ကြောင့်......။

၉။ လောကီဝိပါက် ၃၂–ခု၌ရှိသော စေတသိက် နှင့် ကမ္မဇရုပ်သည် နာမ်ရုပ်မည်၏၊ ဤကား......။ ဝိညာဏ်ဖြစ်ခြင်းကြောင့်......။

၁၀။ လောကီဝိပါက် ၃၂–ခုသည် ဝိညာဏ်မည် ၏၊ ဤကား......။ သင်္ခါရဖြစ်ခြင်းကြောင့်......။

၁၁။ လောကီ-ကုသိုလ်၊အကုသိုလ်-စေတနာ ၂၉-ခုသည်။ ဝါ—ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ စိတ္တသင်္ခါရ သုံးပါးသည် သင်္ခါရမည်၏၊ဤကား-ဒုက္ခသစ္စာ။အဝိဇ္ဇာဖြစ်ခြင်းကြောင့် သင်္ခါရဖြစ်သည်၊ ဤကား—သမုဒယသစ္စာ။ အဝိဇ္ဇာချုပ်ခြင်းကြောင့် သင်္ခါရချုပ်သည်၊ ဤကား—နိရောဓသစ္စာ။ မဂ္ဂင်ရှစ်ပါးသည် သင်္ခါရ၏ချုပ်ကြောင်းအကျင့်မည်၏၊ ဤကား—မဂ္ဂသစ္စာ။ ဤသို့သိခြင်းလေးပါးသည် ဓမ္မဉာဏ်မည်၏။

အတိတ်ကာလ၌ သိသူတို့သည် ဤသို့သာသိကုန်ပြီ။ အနာဂတ်ကာလ၌ သိသူတို့သည်လည်းဤသို့သာသိကုန်လတ္တံ့။ ဤသို့အတိတ်၊ အနာဂတ်ဆောင်၍ သိခြင်းသည် အန္ဝယဉာဏ်မည်၏။

ဤဓမ္မဉာဏ်, အန္ဝယဉာဏ် နှစ်ပါးစင်ကြယ်လျှင် ဒိဋ္ဌိသမ္ပန္နမည်၏။ဒဿနသမ္ပန္နမည်၏။(ဝါ—သောတာပန်ပုဂ္ဂိုလ် မည်၏။) ဤသာသနာသို့ ဝင်ရောက်သူ,ဤသာသနာကို သိမြင်သူမည်၏။ သေက္ခဉာဏ်၊ သေက္ခဝိဇ္ဇာနှင့်ပြည့်စုံသူမည်၏။ ဓမ္မသောတသို့ ရောက်သူမည်၏။ မြတ်သောနိဗ္ဗိဒက ပညာရှိသူမည်၏။ အမတဒွါရကိုထိခိုက်၍ တည်သူမည်၏။

## (၂၀) ဉာဏ် ၇၇—ပါးဖြစ်နည်းကား

၁။ ဇာတိကြောင့် ဇရာမရဏဖြစ်သည်။ ဇာတိမရှိလျှင် ဇရာမရဏမရှိ။ အတိတ်ကာလ၌လည်း ဇာတိ

၃—ထာမ။ ။သတ္တိ ခွန်အား ကြီးမား ဘက်ကျင်း ဝါသုဒေဝမင်းကြီး ဘိမသေန စစ်သူကြီး တို့သော်မှလည်း ဇမ္ဗူအတွင်း အမင်းမင်း၌ အောင်ခြင်းကြီးအောင်ပြီးမှ မရဏထံပါး အရောက်သွားကြရသေးသည်…… ငါသို့သောသူ……။

၄—ဇုဋ္ဌိ။ ။သိကြားမင်းစံရာဝေဇယန္တာကို ခြေမဖြင့်သာ လှုပ်ခါနိုင်လှ အဂ္ဂသာဝက တန်ခိုးရှင်သော်မှလည်း ကြောင်ခံတွင်း ကြွက်အသွင် မရဏခံတွင်းသို့ တန်ခိုးပါဝင်ရသေးသည်……ငါသို့သောသူ……။

၅—ပညာ။ ။လှိုင်းကြီးလှေအောက် တောင်ကြီးဘဝါးအောက် ဘုရားရှင်မှတပါး ပညာကြီးလျှင် ရှင်သာရိပုတြာအောက် ဤမျှလောက် ပညာထက်သော်လည်းအသက်ဉာဏ်စောင့်ကာ သေမင်းအလိုသို့လိုက်ပါရသေးသည်……ငါသို့သောသူ……။

၆—ပစ္စေက။ ။သယမ္ဘူဓာတ် ဉာဏ်တော်မြတ်ဖြင့် ထောင့်ငါးရာသတ် ကိုယ်လွတ်ဝိမုတ္တိ မကပ်ငြိ ထိုထို ကြွချူပမာ ပစ္စေကဗုဒ္ဓါတို့သော်မှလည်း သေမင်းချုံနှယ် ငြိတွယ်ကြရသေးသည်…… ငါသို့သောသူ……။

၇—မြတ်စွာဘုရား။ ။သမ္မာ သမ္ဗုဒ္ဓ ဘုရားရှင်သည် လက္ခဏာကြီးငယ် ရောင်ခြည်တော် ခြောက်သွယ်ဖြင့် ဆန်းကြယ်သော ရူပကာယ ရှိ၏။ သီလသမာဓိ တုမရှိ-ဓမ္မကာယ ပြည့်၏။ ယသ,ပုည,ထာမ,ဇုဋ္ဌိ, ကြီးဘိပညာ-ငါးဖြာလုံးလောက် ထွန်းထိပ်ရောက်၏။ အတုမရှိ ဘုရားရှင်ဖြစ်လျက် မိုဃ်းခသည့် မိုးတမျှ

မရဏာရိပ်ယှဉ်းကိန်းဖြင့် ခန္ဓာတော် ငြိမ်းရသေးသည်……
ငါသို့သောသူ–ဆိုဘွယ်မရှိ။

နိလုဗ္ဘိ ဝိတ-သာ ရဉ္စ၊ သဗ္ဗသတ္တာ'ဘိမဒ္ဒနံ။
တယိဒံ မာဒိသံ သတ္တံ၊ကထံ နာဘိ ဘာဝိဿတိ။

တယိဒံ၊ ထိုမရဏာသေမင်းသည်။ နိလုဗ္ဘိ၊ အရှက်လည်းမရှိ။ ဝိတ-သာရဉ္စ၊ အကြောက်လည်းမရှိ။ သဗ္ဗသတ္တာ'ဘိမဒ္ဒနံ၊သတ္တဝါ အသက် အလုံးစုံနှိပ်စက်ခြင်းငှါ အားနာခြင်းလည်းမရှိ။ မာဒိသံ သတ္တံ၊ငါသို့သောသူကို။ကထံ နာဘိ ဘာဝိဿတိ၊အဘယ်မှာ မနှိပ်စက်ဘဲရှိပါအံ့နည်း။ အဘိ ဘာဝိဿတိ ဧဝ၊ နှိပ်စက်မည်သာ ဧကန် စင်စစ်တည်း။

အယံပိခေါ ကာယော ဧဝံဓမ္မော၊
ဧဝံဘာဝီ၊ ဧဝံ အန တိတော။

အယံပိခေါ ကာယော၊ ဤငါ၏ကိုယ်သည်လည်း။ ဧဝံ ဓမ္မော၊ ဤသဘောရှိ၏။ ဧဝံဘာဝီ၊ဤသို့ဖြစ်လတ္တံ့။ ဧဝံ အနတိတော၊ ဤသဘောကို မလွန်နိုင်ချေ။

မသေလိုလျှင် သုသာန်သွား၊မရဏာဿတိနာနာပွါး။

မရဏံ မေ ဘာဝိဿတိ၊ ဥစ္ဆိ ဇ္ဇိဿတိ ဇီဝိတံ။
သောဟံ မရဏ ဓမ္မောမှိ၊ အနတိတောဟိ မရဏံ။

မရဏံ၊ သေခြင်းသည်။ မေ၊ ငါအား။ ဝါ၊ ငါ့အို–ငါ့အတွက်–ငါ့အလိုငှာ။ ဘာဝိဿတိ၊ဖြစ်လတ္တံ့။ဇီဝိတံ၊ အသက်သည်။ ဥစ္ဆိ ဇ္ဇိဿတိ၊ ပြတ်လတ္တံ့။ သောဟံ၊ ထိုငါသည်။ မရဏဓမ္မော၊ သေခြင်းသဘောရှိသည်၊

(၃၇)' ဘင်ပဟူသော ဘင်္ဂညာဏ်ဟူသည် အဘယ်နည်း။ ။(ဥဒယဗ္ဗယညာဏ်အမြင်သန်၍ ဖြစ်ခြင်းပျက်ခြင်း လျင်လျင်မြန်မြန် ထင်ဖန်များသောအခါ ဖြစ်ခြင်းမမြင်၊ ပျက်ခြင်းကိုသာမြင်ရခြင်းသည် ဘင်္ဂညာဏ်ဖြစ်ပါသည်။)

(၃၈) ဘင်္ဂညာဏ်ဖြင့် ပျက်ခြင်းမျှမြင်ပုံကို ဥပမာဆောင်ပြပါ။ ။(လျှပ်စစ်ပြက်သောအခါလျင်မြန်ခြင်းကြောင့် ဖြစ်ခြင်းကိုစွဲအောင်မမြင်၊ ပျက်ခြင်းသာ စွဲအောင်မြင်ရပါသည်။ ထိုအတူရုပ်နာမ်တို့၏ လျင်မြန်ခြင်းကြောင့် ဖြစ်ခြင်းမမြင်၊ ပျက်ခြင်းသာ စွဲအောင်မြင်ရပါသည်။)

(၃၉) ဘင်္ဂညာဏ်ဖြင့် ပျက်ခြင်းကိုသာ မြင်ပြစမ်းပါ။ ။(ဤရုပ်၊ ဤနာမ်၊ သင်္ခါရအစုသည် ဖြစ်လေသမျှ ပျက်တို့ချည်းသာ ဖြစ်လေစွတကား။ တဖျစ်ဖျစ်မြည်သူ ဒိုးကင်းပူထက်နှမ်းစေ့ကျက်သကဲ့သို့တပျက်ပျက်ထည်းသာ ပျက်လေစွတကား။ မိုးသည်းကြီး ရွာစဉ်ရေပြင်အထက် ဥဗောင်းရေပွက် လျင်စွာ ပျက်သကဲ့သို့ အပျက်မြန်လှလေစွတကား။)

(၄၀) ဘင်္ဂညာဏ်ရသူ၏အာနိသင်ကိုဖော်ပြပါ။ ။(ရုပ်နာမ်လောကဥ္စဘင်္ဂညာဏ်ရ လျင်ဦးခေါင်းမီးလောင်သူအသား ကိစ္စတပါး ပယ်ရှား၍ —ဝါ—ဦးခေါင်းမီးလောင်စဉ်သော်လည်းကိစ္စတပါးပယ်ရှား၍ဘင်္ဂညာဏ်ဖြင့် ပျော်ပျော်ကြီးအပျက်ကို ရှုနိုင်ပါသည်၊ အပျက်မြင်သူကို သေမင်းမမြင်နိုင်လတ္တံ့။

